# နွားကျောင်းသား



ဇော်ဇော်အောင်

**ဓမ္မရက္ခိတာ**
စာအုပ်တိုက်
အမှတ် ၁၃၂(က)၊ ရွှေဟင်္သာလမ်း၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း– ၅၄၂၂၈၂၊ ၅၁၁၂၄၅

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်းတီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# နွားကျောင်းသားကဗျာ

# ဇော်ဇော်အောင်

(မြန်မာပြန်)

**ဓမ္မရက္ခိတစာအုပ်အမှတ်** **၇**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၇၀/၂၀၀၃(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၈/၂၀၀၄(၂) |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ မတ်လ |
| စောင်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဦးအောင်လှ (ယာယီ–ရ၆၈)<br>ပန်အောင်စာပေ၊<br>အမှတ် ၅(အေ)၊ မြဝတ်ရည်လမ်း၊<br>၁၃ ရပ်ကွက်၊ ကန်ဘဲ့၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးအောင်လှ(၀၅၃၅၃)<br>ပန်အောင်အော့ဖ်ဆက်၊<br>၄၁ ဘီ၊ ရွှေဟသ်ာလမ်း၊<br>၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ဓမ္မရက္ခိတ |
| ရောင်းဈေး | ၅၀၀ ကျပ် |

**ဓမ္မရက္ခိတ**
စာအုပ်တိုက်
အမှတ် ၁၃၂(က)၊ ရွှေဟသ်ာလမ်း၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း– ၅၂၄၂၈၂၊ ၅၁၁၂၄၅

## အမှာစကား

အရှေ့တိုင်း ဒဿနကို လေ့လာ လိုက်စားသူများ လောကမှာ ဆရာ **KAKUAN** ၏ နွားကျောင်းသားကဗျာ ၁၀ ပုဒ်သည် လွန်စွာ ထင်ရှား ကျော်ကြားလှပါသည်။ အရှေ့တိုင်း ဒဿန ပညာကျော် ဒေါက်တာဆူဇုကီး၏ အင်္ဂလိပ်ဘာသာပြန်ကို မြန်မာသို့ တိုက်ရိုက် ပြန်ထားပါသည်။ အတွေးနက်နက် ဖြန့်ကြက်လိုသူများနှင့် အခြားသော တစ်ဖက်မှ ဆင်ခြင်ပွားများလိုသူ 'အော်တာနေးတစ်' **Alternative** သမားများအတွက် တင်ဆက်လိုက်ပါသည်။ စာပေအနုပညာ အတွေးအခေါ် ဝါသနာ ရှိသူများအဖို့လည်း ကာရန်သင့်လိမ့်မည်ဟု ထင်ပါသည်။ အကယ်၍ အယူအဆ အချွတ်အချော် ရှိခဲ့ပါလျှင် မြန်မာဘာသာပြန်သူ ကျွန်တော့်ကိုသာ အပြစ် တင်သင့်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

**ဓမ္မရက္ခိတ**

# THE TEN OXHERDING PICTURES

***Translated*** *by*

**DR. DAISETSU SUZUKI**



# 1. Searching for the Ox

*The beast has never gone astray,*
*and what is the use of searching for him?*
*The reason why the oxherd is not on intimate terms*
*with him is because the oxherd*
*himself has violated his own inmost nature.*
*The beast is lost,*
*for the oxherd has himself been led out of the way*
*through his deluding senses.*
*His home is receding farther away  from him,*
*and byways and crossways are ever cofused. Desire*
*for gain and fear of loss burn like fire; ideas of right*
*and wrong*
*shoot up like a phalanx.*

# ၁။ နွားပျောက်ရှာခြင်း

နွားသည် ဘယ်တုန်းကမှ လွတ်ထွက်မသွားခဲ့။
ထို့ကြောင့် နွားပျောက်ရှာနေခြင်းသည် ဘာအသုံးကျမှာလဲ။
နွားကျောင်းသားနှင့်နွား ရင်းရင်းနှီးနှီး အဆင်မပြေရသောအကြောင်းက
နွားကျောင်းသားကိုယ်တိုင် သူ့ပင်ကို သဘာဝအတိုင်း
မနေနိုင်သောကြောင့် ဖြစ်၏။
နွားက ပျောက်သွားပြီ။ အဘယ့်ကြောင့်ဆိုသော်
နွားကျောင်းသား အာရုံတွေ ထွေပြားမှောက်မှား၍
သူကိုယ်တိုင် လမ်းမှား သွေဖည်သွားသောကြောင့် ဖြစ်၏။
သူ့အိမ်နှင့်သူ ကြာလေ ဝေးလေ ဖြစ်ခဲ့ပြီ။
လမ်းသွယ် လမ်းဖြတ်များက အမြဲ ရှုပ်ထွေးလျက်။
ရယူဖို့ လိုချင်ခြင်း၊ မရမှာ ပူပန်ကြောက်ရွံ့ခြင်းတို့က မီးလိုလောင်သည်။
အမှန်နှင့်အမှား အယူအဆများက
ခြေချောင်း လက်ချောင်းရိုးများသဖွယ် ငေါထွက်ခဲ့ပြီ။

*Comment:* Along in the wilderness, lost in the jungle, the boy is searching, searching! The swelling waters, the far-away mountains, and the unending path. Exhausted and in despair, he knows not where to go. He only hears the evening cicadas singing in the maplewoods.

*ဝေဖန်ချက်* ။ ကန္တာရတွင်းမှာ တစ်ယောက်ထီးတည်း။ တောထဲမှာ လမ်းပျောက်လျက်။ နွားကျောင်းသားကလေးသည် (နွားပျောက်) ရှာလျက် ရှာလျက် ရှိသည်။ ကမ်းပြည့်လျှံသော ရေများ၊ ဟိုအဝေး တောင်တန်းများနှင့် မဆုံးနိုင်သော တောလမ်း၊ အားအင် ကုန်ခန်း မောပန်း စိတ်ပျက်၊ ဘယ်ကိုသွားရမှန်း မသိတော့၊ ညနေခင်းတွင် မေပယ်(သကြား)ပင် တောအုပ်တွင်းမှာ သီချင်းဆိုနေကြသော (ညနေခင်း) ပုစဉ်းရင်ကွဲများ အသံကိုသာ သူ ကြားရသည်။



# 2. Seeing the Traces

*By the aid of the sutras*
*and by inquiring into the doctrines,*
*he has come to understand something,*
*he has found the traces.*
*He now knows that vessels, however varied,*
*are all of gold,*
*and that the objective world is*
*a reflection of the Self.*
*Yet, he is unable to distinguish*
*what is good from what is not, his mind is*
*still confused as to truth and falsehood.*
*As he has not yet entered the gate,*
*he is provisionally*
*said to have noticed the traces.*

# ၂။ ခြေရာများ တွေ့ခြင်း

သုတ္တန်ဒေသနာများ အကူအညီဖြင့်
တရားသဘောကို ဆင်ခြင်လတ်သော်
တစ်စုံတစ်ခုကို သူ သိလာသည်။
နွားခြေရာများကို တွေ့လာသည်။
စရည်းအိုးခွက်တို့သည် အမျိုးမျိုး ကွဲပြားသော်လည်း
အားလုံး ရွှေတွေ ဖြစ်ကြောင်း သူ သိပြီ။
ထို့ပြင် ဒိဋ္ဌဓမ္မလောကသည်
အတ္တ၏ ရောင်ပြန်ဟပ်ခြင်းသာ ဖြစ်ကြောင်းကိုလည်း သိခဲ့ပြီ။
သို့သော် သူသည် အကောင်း အဆိုး မခွဲခြားနိုင်သေး။
အမှန်နှင့် အမှားကိုလည်း သူ့စိတ်က ခွဲခြားမရ၊
ရှုပ်ထွေးလျက်။
တံခါးပေါက်မှ မဝင်ရသေးသောကြောင့်
အခိုက်အတန့်အားဖြင့်
နွားခြေရာများကို တွေ့ပြီဟု ပြောနိုင်သည်။

*Comment:* By the stream and under the trees, scattered are the traces of the lost; The sweet-scented grasses are growing thick-did he find the way? However remote over the hills and far-away the beast may wander. His nose reaches the heavens and none can conceal it.

*ဝေဖန်ချက်* ။ စမ်းချောင်း၏ ဘေး၊ သစ်ပင်များ၏ အောက် ပျောက်သော နွား၏ ခြေရာများ ပြန့်ကျဲလျက်ရှိ၏။ ရနံ့ သင်းသော မြက်များ၊ ထူထပ်စွာ ပေါက်ရောက်လျက် သူ လမ်းတွေ့ သွားပြီလား၊ တောင်များ၏ ဟိုမှာဘက် ဘယ်လောက် ဝေးဝေး၊ ထိုနွား ပြေးသွားပါစေ၊ သူ့ နှာခေါင်းသည် ကောင်းကင်ဘုံ အထိ (အနံ့ခံနိုင်၍) ဘယ် အရာမှ ဖုံးကွယ်၍ မရပါ။



# 3. Seeing The Ox

*The boy finds the way by the sound he hears;*
*he sees thereby into the origin of things,*
*and all his senses are in harmonious order.*
*In all his activities, it is manifestly present.*
*It is like the salt in water and the glue in colour.*
*(It is there though not distinguishable as an individual entity.)*
*When the eye is properly directed,*
*he will find that it is no other than himself.*

# ၃။ နွားကို မြင်ပြီ

နွားကျောင်းသားလေးသည် သူ ကြားရသော အသံမှ တစ်ဆင့်
(အာရုံခံ၍) လမ်း ရှာတွေ့ခဲ့ပြီ။
ဤသို့ဖြင့် အခြင်းအရာတို့၏ မူလဇာစ်မြစ်ကို သူ မြင်ပြီ။
သူ့အာရုံအားလုံး ညီညွတ် ပြေပြစ်ကြပေပြီ။ သူ့ လုပ်ဆောင်ချက်
အားလုံးထဲမှာ ထိုအဆင်ပြေညီညွတ်မှု တည်နေသည်။
ရေမှာ ပျော်ဝင်သော ဆား၊ ဆေးရောင်ထဲက ကော်ကဲ့သို့ ဖြစ်သည်။
(တစ်ခုချင်း ခွဲ၍ မရနိုင်သော်လည်း ထိုအရာ ရှိနေသည်။)
မျက်လုံးကို နေရာတကျ စူးစိုက်ကြည့်လိုက်သောအခါ ထိုအရာသည်
သူမှတစ်ပါး အခြားသူ မဟုတ်ကြောင်း သူ တွေ့ရပေလိမ့်မည်။

*Comment:* On a yonder branch perches a nightingale cheerfully singing;
The sun is warm, and a soothing breeze blows, on the bank the willows are green:
The ox is there all by himself, nowhere is he to hide himself;
The splendid head decorated with stately horns-what painter can reproduce him?

ဝေဖန်ချက်    ။ ဟို သစ်ကိုင်းပေါ်မှာ နိုက်တင်ဂေးငှက်ကလေး တစ်ကောင် နားလျက်၊ ပျော်ရွှင် ကြည်နူးစွာ သီချင်းဆိုနေသည်။ နေရောင်ခြည်နွေးနွေး၊ ချော့မြှူသော လေပြည်ညင်းက  တိုက်ခတ်လျက်၊ ကမ်းပေါ်မှာ မိုးမခပင်များ၊ စိမ်းလန်းစွာ။ ဟိုမှာ နွား(ကိုတွေ့ ပြီ) ဘယ်မှာမှ ပုန်းရှောင်ကွယ်၍ မရ။ ခံ့ညားသော ဦးချိုတွေနှင့် တန်ဆာဆင်ထားသော လှပတင့်တယ်သည့် ဦးခေါင်း၊ ဘယ်ပန်းချီရေးလို့ မီမလဲ။



# 4. Catching the Ox


*Lost long in the wilderness,*
*the boy has at last found the ox*
*and his hands are on him.*
*But, owing to the overwhelming pressure of*
*the outside world, the ox is hard to keep*
*under control.*
*He constantly longs for the old sweetscented*
*field.*
*The wild nature is still unruly, and altogether*
*refuses to be broken.*
*If the oxherd wishes to see the ox completely*
*in harmony with himself,*
*he is surely to use the whip freely.*

# ၄။ နွားကို ဖမ်းခြင်း

ကန္တာထဲမှာ ကြာမြင့်စွာ လမ်းပျောက်နေခဲ့ရာမှ
နွား ကျောင်းသားလေးသည် နွားကို တွေ့၍
မိမိရရ ဆုပ်ကိုင် ဖမ်းမိပြီ။
သို့သော် ပြင်ပကမ္ဘာ၏ ကြီးမားသော ဖိအားပေးမှုကြောင့်
နွားကို
ထိန်းချုပ်ဖို့ ခက်လှ၏။
နွားသည် မွှေးပျံ့သင်းသော စားကျက်ကွင်းကို အစဉ်အမြဲ
တမ်းတနေဆဲ ဖြစ်သည်။
ရိုင်းစိုင်းသော သဘာဝကလည်း ထိန်းမရ သိမ်းမရ။
ထိုသဘာဝကို ဖျက်ပစ်ဖို့ကိုလည်း ငြင်းဆန်နေဆဲ။
နွား ကျောင်းသားလေးအဖို့ နွားနှင့် အဆင်ပြေစွာ သဟဇာတ
ဖြစ်လိုလျှင် ကြာပွတ်(နှင်တံ)ကိုသာ သူ့ သဘောရှိ အသေအချာ
သုံးစွဲရန်သာ ရှိတော့သည်။

With the energy of his whole being,
the boy has at last taken hold of the
ox:
But how wild his will, how ungovern-
able his power!
At times he struts up a plateau,
When do! he is lost again in a misty
unpenetrable mountain-pass.

*ဝေဖန်ချက်* ။ သူ့တစ်ကိုယ်လုံး ခွန်အားဖြင့် နွားကျောင်းသား လေးသည် နွားကို ချုပ်ကိုင်နိုင်ပြီ။ သို့သော် နွား၏ စိတ်က ရိုင်းလွန်းလှသည်။ သူ့ အင်အားတွေက ထိန်းချုပ်မရ။ ကုန်းမြင့်ကလေး တစ်ခုကို ဟန်တစ်ခွဲသားနှင့် မြောက်ကြွကြွ ဖြတ်သွားလိုက်တုန်းက ဘာလဲ ကြည့်စမ်း၊ မြူတွေ ဆိုင်းနေသော တောင်ကြား လမ်းကျဉ်းကလေးထဲမှာ ပျောက်သွားပြန်ပြီ။



# 5. Herding the Ox

*When a thought moves, another follows, and then another an endless train of thoughts is thus awakened.*
*Through enlightenment*
*all this turns into truth;*
*but falsehood asserts itself when confusion prevails. Things oppress us not because of an objective world,*
*but because of a self-deceiving mind.*
*Do not let the nose-string loose,*
*hold it tight, and allow no vacillation.*

# ၅။ နွားကျောင်းခြင်း

အတွေး တစ်ခု လှုပ်ရှား ပေါ်ပေါက်လာသည်နှင့်
နောက်တစ်ခုက လိုက်လာ၏။ ပြီးနောက် တစ်ခု. . . ။
ဤသို့ဖြင့် မဆုံးနိုင်သော အတွေးဆက်၊ အမျှင်တန်း။
ဉာဏ်အလင်း ပွင့်ခြင်းဖြင့် ထိုအရာ အားလုံးကို သစ္စာတရားအဖြစ်
ပြောင်းလဲနိုင်၏။
သို့သော် စိတ်တွေ ရှုပ်ထွေးနေပါက အမှားသည်
တည်မြဲနေလိမ့်မည်။ အကြောင်းခြင်းရာများက ကျွန်ုပ်တို့ကို ဖိစီး
နှိပ်စက်ကြသည်မှာ ဒိဋ္ဌဓမ္မ ပြင်ပလောကကြောင့် မဟုတ်၊
မိမိကိုယ်ကို မိမိ လှည့်ဖြားတတ်သော စိတ်ကြောင့်သာ ဖြစ်၏။
နဖားကြိုးကို မလျှော့စေနှင့် တင်းတင်းဆွဲ၊
ဒွိဟ တွေဝေ စိတ်အနေ ယိမ်းယိုင်ခြင်း မဖြစ်စေနှင့်။

The boy is not to separate himself with his whip and tether,
Lest the animal should wander away into a world of defilements;
When he is properly tended to, he will grow pure and docile;
Without a chain, nothing binding, he will by himself follow the oxherd.

နွားကျောင်းသားလေးသည် သူ့ နှင်တံနှင့် ကြိုးကို သူနှင့် မကွဲမကွာ ရှိစေသင့်၏။ ထိုသို့ မဟုတ်ပါက နွားသည် ကိလေသာ တောထဲသို့ ဝင်ရောက်သွားပေလိမ့်မည်။
သူ့ကို နေရာတကျ ထိန်းချုပ် ပဲ့ပြင်ပါက သူသည် (စိတ်အနေ) နူးညံ့၍ စင်ကြယ်လာလိမ့်မည်။
နှောင်ကြိုး မရှိ၊ ဘာနှင့်မှ နှောင်ဖွဲ့မထားဘဲ သူသည် သူ့ အလိုလို နွားကျောင်းသားနောက်သို့ လိုက်လာလိမ့်မည်။



# 6. Coming Home on the Ox's Back

*The struggle is over; gain and loss, the man*
*is no more concerned with.*
*He hums a rustic tune of the woodman, he*
*sings simple songs of the village-boy.*
*Saddling himself on the ox's back,*
*his eyes are fixed at things not of the earth,*
*earthy.*
*Even if he is called, he will not turn his*
*head; however enticed he will no more be*
*kept back.*

# ၆။ နွားကို စီး၍ အိမ်ပြန်ခြင်း

တိုက်ပွဲကား ပြီးလေပြီ။
အနိုင်နှင့် အရှုံး၊ အနိုင်နှင့် အရှုံးသည် သူနှင့် လုံးဝ မသက်ဆိုင်။
သူသည် သစ်ခုတ်သမား၏ ကျေးလက်တေးကို ဆိုညည်းလျက်၊
ရွာသား ကလေး သူငယ်များ၏ သီချင်း ရိုးရိုးကလေးများကို ဆိုလျက်၊
နွားကျောပေါ်မှာ တက်ခွစီး၍
သူ့မျက်လုံးများသည် ဤလောက မြေပြင်နှင့် မသက်ဆိုင်သော
(လောကီနှင့် မသက်ဆိုင်သော) အခြင်း အရာများကို စူးစိုက်လျက်၊
သူ့ကို ခေါ်လျှင်လည်း ခေါင်းကို ငဲ့စောင်း၍ ကြည့်လိမ့်မည် မဟုတ်။
မည်မျှပင် ဖြားယောင်း သော်လည်း သူ နောက်ပြန် လှည့်လိမ့်မည်
မဟုတ်ပေ။

Riding on the animal, he leisurely wends his way home;
Enveloped in the evening mist, how tunefully the flute vanishes away!
Singing a ditty, beating time, his heart is filled with a joy indescribable!
That he is now one of those who know, need it be told?

နွားကို စီး၍ အေးအေးဆေးဆေး အိမ်ပြန်လမ်းအတိုင်း လာနေသည်။ ညနေ ဆည်းဆာ မြူတွေထဲမှာ သူ့ ပလွေသည် အသံသာစွာ ပျောက်ကွယ်သွားခဲ့ပြီ။
တေးတစ်ပိုဒ်ကို ဆို၍ စည်းဝါးလိုက်၍၊ သူ့ နှလုံးသားသည် မဖော်ပြနိုင်သော ပီတိတို့ဖြင့် ပြည့်လျှံခဲ့ပြီ။
သူသည် ယခုအခါတွင် သိသွားသူ တစ်ယောက် ဖြစ်သွားကြောင်း ပြောဖို့ လိုပါသေးသလား။



# 7. The Ox Forgotten, Leaving the Man Alone


*The dharmas are one and*
*the ox is symbolic.*
*When you know that you need is*
*not the snare or set-net*
*but the hare or fish;*
*it is like gold separated from the dross, it is like the moon rising out of the clouds.*
*The one ray of light serene and penetrating*
*shines even before days of creation.*

# ၇။ နွားကို မေ့၊ လူ တစ်ယောက်တည်း ကျန်ရစ်၏

တရား အစုစုသည် တစ်ခုတည်းသာ ဖြစ်၏။
နွားသည် သင်္ကေတ  သဘောမျှသာ။
သင် လိုသော အရာသည်
ထောင်ချောက် မဟုတ်၊ မြှုံးပိုက် မဟုတ်၊
ယုန်နှင့် ငါးသာ ဖြစ်ကြောင်း သိလာသောအခါ၊
အညစ်အကြေးတို့မှ စင်ကြယ်စေပြီးသော ရွှေပမာ၊
တိမ်တိုက်များကြားမှ  ပေါ်ထွန်းလာသော
လမင်းပမာဖြစ်လာလိမ့်မည်။
ကမ္ဘာဦးအစ ထွန်းလင်း တောက်ပစဉ်ကထက်
ပို၍ အေးမြ တည်ငြိမ် သော စူးရှ ထွန်းတောက်သော
အလင်းရောင်တန်း တစ်ခု ထွန်းပနေသည်။

Riding on the animal, he is at last back in his home,
Where lo! the ox is no more; the man alone sits serenely.
Though the red sun is high up in the sky, he is still quietly dreaming,
Under a straw-thatched roof are his whip and rope idly lying.

နွားစီး၍ လာခဲ့ရာ အခု သူ့အိမ်သို့ ရောက်ပြီ။
ဘယ်မှာလဲ ကြည့်စမ်း၊ နွား မရှိတော့။ လူသာ တည်ငြိမ်
အေးချမ်းစွာ ထိုင်နေ၏။
နီရဲသော နေမင်းက မိုးအမြင့်မှာ ထွန်းလင်းနေသော် လည်း
သူသည် တိတ်ဆိတ်စွာ အိပ်မက် မက်နေဆဲ။
ကောက်ရိုး၊ သက်ငယ်ဖျစ် အမိုးအောက်မှာ သူ့ နှင်တံနှင့်
နဖားကြိုးသည် ပျင်းရိစွာ လဲလျောင်းနေသည်။



# 8. The Ox and the Man Both Gone out of Sight

*All confusion is set aside,*
*and serenity alone prevails; even the idea of holiness does not obtain.*
*He does not linger about where the Buddha is,*
*and as to where there is no Buddha he speedily passes by.*
*When there exists no form of dualism, even a thousand-eyed one fails to detect a loop-hole.*
*A holiness before which birds offer flowers is but a farce.*

# ၈။ နွားနှင့် လူ နှစ်ဦးလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်း

ခပ်သိမ်းသော ရှုပ်ထွေးမှုတို့ကို ဖယ်ရှားလိုက်သောအခါ
တည်ငြိမ် အေးချမ်းခြင်းသာ ရှိတော့၏။
ဘုရားသခင်ဟူသော အယူအဆပင် မရှိတော့။
သူသည် ဘုရားမြတ်စွာ ရှိသော နေရာမှာ တွယ်ရစ်မနေတော့။
ဘုရားမြတ်စွာ မရှိသည့်အတွက်
သူ အမြန် ထွက်ခွာလာခဲ့သည်။
(ဒွတ္တ) နှစ်ခုစွဲဝါဒ မရှိသောကြောင့် မျက်လုံး တစ်ထောင် ရှိသူပင်
အားနည်းချက် ထွက်ပေါက် တစ်ခုကို မတွေ့မြင်နိုင်။
ကျေးငှက်များက ပန်းဖြင့် ပူဇော်ကြသည်ဆိုသော ဘုရားသခင်
ဆိုသည်မှာ ရယ်ဖွယ် ဇာတ်လမ်းတစ်ခုမျှသာ။

All is empty _ the whip, the rope, the man, and the ox:
Who can ever survey the vastness of heaven?
Over the furnace burning ablaze, not a flake of snow can fall:
When this state of things obtains, manifest is the spirit of the ancient master.

အားလုံး ဗလာ။ နှင်တံ၊ ကြိုး၊ လူနှင့် နွား။
ကောင်းကင်ဘုံ၏ ကျယ်ပြောခြင်းကို ဘယ်သူ တိုင်းတာနိုင်မလဲ။
အလျှံညီးညီး မီးပုံကြီး ပေါ်သို့ ဘယ်သို့သော နှင်းပွင့် တစ်ပွင့်မျှ မကျ ရောက်နိုင်။
ထိုအခြင်းအရာတို့၏ အခြေအနေများ ပြည့်စုံသောအခါ ရှေး ဆရာသခင်တို့၏ အလိုတော်သည် ဖြစ်ပေါ် တည်ရှိခဲ့ပြီ။

It will be interesting to note what a mystic philosopher would say about this: "A man shall become truly poor and as free from his creature will as he was when he was born. And I say to you, by the eternal truth, that as long as ye desire to fulfill the will of God, and have any desire after eternity and Gods; so long are ye not truly poor. He alone hath true spiritual poverty who wills nothing, knows nothing, desires nothing." ... (From Eckhart as quoted by Inge in Light, Life, and Love.)



# 9. Returning to the Origin, Back to the Source

*From the very beginning, pure and immaculate,*
*the man has never  been affected by defilement.*
*He watches the growth of things,*
*while himself abiding in the immovable serenity of*
*non-assertion.*
*He does not identify himself with the maya-like*
*transformation (that are going on about him),*
*nor has he any use of himself*
*(which is artificiality).*
*The waters are blue, the mountains are green;*
*sitting alone,*
*he observes things undergoing changes.*

# ၉။ မူလအစသို့ ပြန်ခြင်း ရင်းမြစ်သို့ တစ်ဖန်

အစကတည်းက စွန်းထင်း မရှိ၊ ပကတိ စင်ကြယ်သော လူသည်
ကိလေသာတို့ ကပ်ငြိခြင်း မရှိခဲ့။
သူသည် အခြင်းအရာတို့ ဖြစ်တည် ကြီးထွားလာပုံကို
စောင့်ကြည့်ခဲ့၏။ ခိုင်ကျည်ချမ်းမြေ့သော စွဲမှတ်မှု ကင်းရာတွင်
နေထိုင်လာခဲ့သည်။
(သူ့တွင် ဖြစ်မည့်) မာယာ အပြောင်းအလဲများဖြင့်လည်း
သူ မသတ်မှတ်။
(အတုအယောင် ဖြစ်သော) သူ ကိုယ်တိုင်ကလည်း သူ့အတွက်
အသုံးမဝင် အကျိုးမရှိ။
ရေများ ပြာလဲ့လျက်၊ တောင်များ စိမ်းလန်းလျက်၊
တစ်ကိုယ်တည်း ထိုင်၍ ဖြစ်ပျက် ပြောင်းလဲနေသော
အရာများကို သူ ရှုမှတ်နေသည်။

To return to the Origin, to be back at the Source _ already a false step this!
Far better it is to stay home, blind and deaf, and without much ado;
Sitting in the hut, he takes no cognizance of things outside.
Behold the streams flowing _ whither nobody knows; and the flowers vividly red_ for whom are they?

မူလအစသို့ ပြန်ဖို့၊ ရင်းမြစ်သို့ တစ်ဖန် ပြန်ဖို့သည် အစကတည်းက ခြေလှမ်းမှား တစ်ခု ဖြစ်၏။
ဘာမှ မလုပ်ဘဲ၊ မျက်ကန်းသမား၊ နားပင်းသမား၊ ကိုယ့်အိမ်ထဲမှာ ကိုယ်နေခြင်းက ပိုကောင်းသည်။
တဲထဲမှာ ထိုင်၍ ပြင်ပလောကမှ အခြင်းအရာတို့ကို သူ ဘာမှ မသိ။ ကြည့်စမ်း၊ စမ်းချောင်းများ စီးဆင်းနေဆဲ၊ ဘယ်သူတွေမှ မသိသော်လည်း၊ ပန်းများသည် ရဲရဲနီနီ လှနေကြ၏။ သူတို့ (ပွင့်တာ) ဘယ်သူတွေ အတွက်လဲ။



# 10. Entering the City with Bliss-bestowing Hands

*His thatched cottage gate is closed,*
*and even the wisest know him not.*
*No glimpses of his inner life are to be caught;*
*for he goes on his own way without following the steps of the ancient sages.*
*Carrying a gourd[1] he goes out into the market,*
*learning against a staff[2] he comes home.*
*He is found in company with wine-bibbers and butchers, he and they are all converted into Buddha.*

# ၁၀။ ပီတိကို ပေးသော လက်များဖြင့် ပြည့်စေတော်ဝင်ခြင်း

သူ၏ သက်ငယ်တဲ တံခါး ပိတ်ပြီး
ပညာအရှိဆုံးသူသည် သူ့ကို မသိတော့။
သူ၏ အတွင်းအဖွဲ့တ္တဘဝ၏ အရိပ်အယောင်ကိုမှ ဖမ်းမရ။
ရှေးဆရာသခင်တို့ ခြေရာကို မနင်းဘဲ
သူ့လမ်း သူ သွားခဲ့ပြီ။
ဘူးသီးခြောက်[၁] ကို လွယ်၍ ဈေးဘက်သို့ သူ သွား၏။
တောင်ဝှေး[၂] တစ်ချောင်း အားပြု၍ အိမ်သို့ သူ ပြန်ခဲ့၏။
အရက်သမားများ၊ သားသတ်သမားများနှင့် အတူ
သူ့ကို တွေ့ခဲ့ရ၏။
ထိုသူတို့ အားလုံး ဉာဏ်အလင်း ပွင့်ကြကုန်၏။

Bare-chested and bare-footed, he comes out into the market-place;
Daubed with mud and ashes, how broadly he smiles!
There is no need for the miraculous power of the gods,
For he touches, and lo! the dead trees are in full bloom.

ရင်ဘတ် ဗလာ၊ ခြေ ဗလာဖြင့် ဈေး(ရှိရာ) သို့ သူ လာခဲ့သည်။
ရွှံ့တွေ၊ ပြာတွေ ပေကျံလျက်။ ဘယ်လောက် နှစ်နှစ်ကာကာ
သူ ပြုံးနေလိုက်ပါသလဲ။
နတ်ဘုရားတို့၏ အံ့မခန်း တန်ခိုးများ မလိုပါ။
သူ့လက်နှင့် ထိလိုက်သည်နှင့်၊ ကြည့်လိုက်စမ်း၊ သစ်ပင်
ခြောက်တွေ ပင်လုံးဝေဝေ ပွင့်လာသည်။

1 Symbol of emptiness (sunyata)
2 No extra property he has, for he knows that the desire to possess is the curse of human life.

၁။ ဘာမှ မရှိခြင်း၏ သင်္ကေတ (သုညတ)။
၂။ သူ့မှာ ပစ္စည်းအပို မရှိ၊ ပိုင်ဆိုင် လိုချင် တပ်မက်မှုသည် ဘဝ၏ ကျိန်စာ ဖြစ်ကြောင်း သူ သိသည်။

**10 Bulls** *by* **KAKUAN**

**Transcribed** *by*

**NYOGEN SENZAKI & PAUL REPS**



# 1. The Search For The Bull

*In the pasture of this world, I endlessly push*
*aside the tall grasses in search of the bull.*
*Following unnamed rivers,*
*lost upon the interpenetrating paths of distant*
*mountains,*
*My strength failing and my vitality exhausted,*
*I cannot find the bull.*
*I only hear the locusts chirring through the forest*
*at night.*

# ၁။ နွားပျောက်ခြင်း

ဤကမ္ဘာ၏ စားကျက်မြေ အတွင်းမှာ ငါသည် နွားကို ရှာဖို့
မြက်ပင်ရှည်များကို မရပ်မနား တွန်းဖယ်ခဲ့ရသည်။
အမည်မဲ့ မြစ်ကြောင်းများအတိုင်း လိုက်၍
ဟိုအဝေး တောင်တန်းများ၏ အသွယ်သွယ် ဖြတ်သန်းသော
တောင်ကြမ်းလမ်းများမှာ လမ်းပျောက်ခဲ့သည်။
ငါ၏ ခွန်အား စွမ်းရည်များသည် ကုန်လျက် မောပန်းလျက်၊
နွားကို ရှာ၍ ငါ မတွေ့။
ညအခါ တောအုပ်တွင်းမှာ ကျိုင်းကောင်များ၏ အော်မြည်သံကိုသာ
ငါ ကြားနေရသည်. . .

*Comment*: The bull has been lost. What need is there to search? Only because of separation from my true nature, I fail to find him. In the confusion of the senses I lose even this tracks. Far from home, I see many crossroads, but which way is the right one I know not. Greed and fear, good and bad, entangle me.

*ဝေဖန်ချက်*။ နွားက ပျောက်ခဲ့ပြီ။ ဘာအတွက်ကြောင့် နွားပျောက်ရှာဖို့ လိုအပ်ပါသလဲ။
ငါ့ဘဝ၏ တကယ့်သဘာဝနှင့် ငါ ကင်းကွာခဲ့သောကြောင့်သာ ငါ ရှာမတွေ့ရခြင်း ဖြစ်သည်။ အာရုံများ ရှုပ်ထွေး နောက်ကျိုသောကြောင့် နွား၏ ခြေရာကိုပင် မမြင်ရ။ ငါ့ အိမ်ယာမှ ဝေးလံလှစွာ၊ လမ်းပြတ် လမ်းမြွာများစွာ တွေ့ရသော်လည်း ဘယ်လမ်းက အမှန်မှန်း ငါ မသိ။ လောဘနှင့် ဒေါသ၊ အကောင်း နှင့် အဆိုးတို့ ငါ့အား ရစ်ပတ်နှောင်ဖွဲ့ခဲ့ပြီ။



# 2. Discovering the Footprints

*Along the riverbank under the trees,*
*I discover foot-prints!*
*Even under the fragrant grass*
*I see his  prints.*
*Deep in remote mountains they are found.*
*These traces no more can be hidden than one's*
*nose, looking heavenward.*

# ၂။ နွားခြေရာများ တွေ့ခြင်း

မြစ်ကမ်းတစ်လျှောက် သစ်ပင်များ အောက်မှာ
နွားခြေရာကို ငါ တွေ့ပြီ။
သင်းပျံ့သော ရနံ့၊ မြက်တို့ အောက်မှာပင်
သူ့ခြေရာကို ငါ မြင်ရသည်။
ဟိုဝေးလံစွာ တောင်တန်းတွေထဲမှာ ခြေရာတွေ တွေ့ရ၏။
ကောင်းကင်ကို မော်၍ ထားသော နှာခေါင်း၊
ထိုနွားခြေရာတို့က ဖုံးကွယ်မထားနိုင်ပေ. . .

*Comment*: Understanding the teaching, I see the footrpints of the bull. Then I learn that, just as many utensils are made from one metal, so too are myriad entities made of the fabric of self. Unless I discriminate, how will I perceive the true from the untrue? Not yet having entered the gate, nevertheless I have discerned the path.

*ဝေဖန်ချက်*။ ဒေသနာတို့ကို နားလည်သောအားဖြင့် နွား၏ ခြေရာတို့ကို ငါ မြင်သည်။
ထို့နောက် ငါသည် အိုးခွက်အမျိုးမျိုး မည်မျှ ကွဲပြား စေကာမူ လည်း သတ္တုတစ်မျိုးတည်းဖြင့် ပြုလုပ်သည်ကို သိမြင်ခဲ့ပြီ။ အတ္တ ဖျင်သားထဲမှာ အမျိုးမျိုးသော ချည်မျှင်များ ရောနှော ရက်လုပ် ထားသကဲ့သို့ပင်။ မခွဲခြား နိုင်ပါလျှင် အမှန်နှင့် အမှားကို ငါ ဘယ်လို ခွဲခြား သိမည်လဲ။ တံခါးပေါက်မှ မဝင်ရသေး။ သို့သော်လည်း လမ်းကို ငါ တွေ့ ပြီ။



# 3. Perceiving the Bull

*I hear the song of the nightingale.*
*The sun is warm,*
*the wind is mild,*
*willows are green along the shore,*
*Here no bull can hide!*
*What artist can draw  that massive head,*
*those majestic horns?*

# ၃။ နွားကို တွေ့မြင်ခြင်း

နိုက်တင်ဂေးငှက်၏ တေးသီသံကို ငါ ကြားရ၏။
နေရောင်ခြည်သည် ပူနွေး လျက်၊
လေသည် ဖြည်းညင်းသာစွာ။
ကမ်းစပ်တစ်လျှောက်တွင် မိုးမခပင်များ စိမ်းလန်းလျက်. . .
သည်မှာ ဘယ်နွား ပုန်းကွယ်နေနိုင်သလဲ။
ကြီးမားသော ဦးခေါင်း၊ ခံ့ညားသော ဦးချိုများ
ဘယ်ပန်းချီဆရာ တူအောင် ရေးဆွဲနိုင်မလဲ. . .

*Comment*: Whan one hears the voice, one can sense its source. As soon as the six senses merge, the gate is entered. Wherever one enters one sees the head of the bull! This unity is like salt in water, like colour in dyestuff. The slightest thing is not apart from self.

*ဝေဖန်ချက်*။ အသံကြားရသောအခါ အသံလာရာကို သိ၏။ အာရုံခြောက်ပါးတို့ ပေါင်းစပ်သွားသောအခါ တံခါးဝတွင် ဝင်ခဲ့ပြီ၊ ဖွင့်ပြီ။ ဝင်လိုက်သည်နှင့် နွား၏ ဦးခေါင်းကို မြင်ရတော့သည်။ ပေါင်းစည်းခြင်းသည် ရေထဲမှ ဆား၊ ဆိုးဆေးထဲမှ အရောင်ပမာ။ အသေးငယ်ဆုံးသော အရာသည်ပင် မိမိ အတ္တနှင့် ခွဲခြား မရကောင်းပေ (ဝါ) အတ္တသာလျှင် ဖြစ်တော့၏။



# 4. Catching the Bull


*I seize him with a terrific struggle.*
*His great will and power are inexhaustible.*
*He charges to the high plateau*
*far above the cloud-mists,*
*Or in an impenetrable ravine he stands.*

# ၄။ နွားကို ဖမ်းခြင်း

ပြင်းထန်အားကြီးစွာ ရုန်းကန်၍ ငါ သူ့ကို ဖမ်းလိုက်၏။
သူ့စိတ်နှင့် အင်အားသည် မကုန်ခန်းနိုင်လှစွာ ကြီးမားလှ၏။
တိမ်ခိုးများ၏အပေါ် ကုန်းမြင့်သို့ တစ်ရှိန်ထိုး သွားတတ်၏။
သို့မဟုတ် ခက်ခဲလှသော တောင်ကြား လျှိုမြောင်ထဲမှာ
ရပ်နေတတ်၏။

*Comment*: He dwelt in the forest a long time, but I caught him today! Infatuation for scenery interferes with his direction. Longing for sweeter grass, he wanders away. His mind still is stubborn and unbridled. If I wish him to submit, I must raise my whip.

*ဝေဖန်ချက်* ။ သူသည် တောထဲမှာ ကာလကြာမြင့်စွာ နေခဲ့သည်။ သို့သော် ယခု ငါ သူ့ကို ဖမ်းမိသည်။ တော၏ အလှရှုခင်းများကို မိုက်မဲစွာ စွဲလမ်းခြင်းက သူ လမ်းကြောင်းကို အနှောင့်အယှက်ပေးသည်။ ပို၍ အရသာရှိသော မြက်ကို တပ်မက် ခုံမင်၍ အဝေးသို့သာ သူ လှည့်လည်သွားနေသည်။ သူ့စိတ်သည် အခုအထိ ခေါင်းမာဆဲ၊ ထိန်းချုပ်ရန် ခက်ခဲဆဲ။ ငါ သူ့ကို အပိုးကျိုးစေလိုလျှင်။ နှင်တံ ကျာပွတ်ကို သုံးရပေမည်။



# 5. Taming the Bull

*The whip and rope are necessary,*
*Else he might stray off down some dusty road.*
*Being well trained,*
*he becomes naturally gentle.*
*Then, unfettered,*
*he obeys his master.*

# ၅။ နွားကို ယဉ်အောင် ကျင့်ခြင်း

နှင်တံနှင့် နဖားကြိုးတို့ လိုအပ်သည်။
မဟုတ်ပါက ဖုန်ထူသော လမ်းသို့ သဝေထိုး ဆင်းသွားလိမ့်မည်။
ကျကျနန ယဉ်ပါးအောင် လေ့ကျင့်ပေးသောကြောင့်
သူသည် သဘာဝအလျောက် ယဉ်လာသည်။
ထိုအခါ အနှောင်အဖွဲ့ မချည်ဘဲ
သူ့သခင်ကို နာခံလာတော့သည်။

*Comment*: When one thought arises, another thought follows. When the first thought springs from enlightenment, all subsequent thoughts are true. Through delusion, one makes everything untrue. Delusion is not caused by objectivity; it is the result of subjectivity. Hold the nose-ring tight and do not allow even a dount.

*ဝေဖန်ချက်* ။ အတွေးတစ်ခု ပေါ်လာသည်နှင့် နောက်အတွေး တစ်ခုက ဆက်လာသည်။ ပထမ ပေါ်လာသော အတွေးသည် ဉာဏ်အလင်း ပွင့်မှုမှ ဖြစ်ပါက အားလုံးသော အတွေးများ သည် မှန်ကန်လိမ့်မည်။ အဝိဇ္ဇာကြောင့် အရာအားလုံး မှားယွင်းစွာပြုမိ၏။ အဝိဇ္ဇာသည် ပြင်ပရှိ တရားများက ဖြစ်ပေါ်စေသည် မဟုတ်။ မိမိ၏ အတွင်း အဇ္ဈတ္တသဏ္ဍာန်က ဖြစ်ပေါ် စေသည်။ နဖားကြိုးကို တင်းတင်းဆွဲထား။ သံသယ တစ်ခုတလေပင် ဝင်မလာစေနှင့်။



# 6. Riding the Bull Home

*Mounting the bull,*
*slowly I return homeward.*
*The voice of my flute intones through the evening.*
*Measuring with hand-beats the pulsating*
*harmony, I direct the endless rhythm.*
*Whoever hears this melody will join me.*

# ၆။ နွားကို စီး၍ အိမ်ပြန်ခြင်း

နွားကို စီး၍
ငါသည် ဖြည်းညင်းစွာ အိမ်လမ်းကို လှည့်ပြန်ခဲ့၏။
ညနေခင်းမှာ ငါ့ ပလွေသံ သာယာစွာ ထွက်ပေါ်လာသည်။
ဟာမိုနီ အတက်အကျကို လက်ဖြင့် စည်းချက်လိုက်၍
မဆုံးသော နရီကို ငါ ဖြစ်စေခဲ့၏။
ငါ့ တေးသွားကို ကြားရသူ ငါနှင့် အတူ ရှိလိမ့်မည်။

*Comment*: This struggle is over; gain and loss are assimilated. I sing the song of the village woodsman, and play the tunes of the children. Astride the bull, I observe the clouds above. Onward I go, no matter who may wish to call me back.

*ဝေဖန်ချက်* ။ ရုန်းကန်မှုက ပြီးသွားပြီ။ အနိုင်နှင့် အရှုံးကလည်း အတူ ဖြစ်ခဲ့ပြီ။
ငါသည် သစ်ခုတ်သမား၏ ကျေးလက်တေးသံကို သီဆို၍ ကလေးသူငယ်တို့၏ သံစဉ်ကို တီးမှုတ်၍ လာခဲ့ပြီ။ နွားကို စီး၍ မိုးပေါ်က တိမ်များကို ငါ ကြည့်ခဲ့သည်။
ငါ့ကို ပြန်လှည့်ဖို့ ခေါ်သူ တွေ့ရှိလျှင်လည်း ကိစ္စမရှိ၊ ငါ ရှေ့သို့သာ ခရီးဆက်တော့သည်။



# 7. The Bull Transcended


*Astride the bull, I reach home.*
*I am serene. The bull too can rest.*
*The dawn has come. In blissful repose,*
*Within my thatched dwelling I have abandoned the whip and rope.*

# ၇။ နွားသည် လွန်မြောက်ခဲ့ပြီ

နွားကို စီးလျက် ငါ အိမ်ပြန်ရောက်ပြီး
ငါသည် ချမ်းမြေ့ ငြိမ်သက်စွ၊ နွားသည်လည်း နားခွင့်ရပြီ။
အရုဏ်လာ မိုးသောက်ပြီ။ သက်သာ ချမ်းမြေ့စွာပင်၊
ငါ၏ သက်ကယ်တဲထဲမှ နှင်တံနှင့် နဖားကြိုးကို ငါ
စွန့်ပစ်လိုက်ပြီ. . .

*Comment*: All is one law, not two. We only make the bull a temporary subject. It is as the relation of rabbit and trap, of fish and net. It is as gold and dross, or the moon emerging from a cloud. One path of clear light travels on throughout endless time.

*ဝေဖန်ချက်*။ အားလုံးသည် ဥပဒေ တစ်ခုတည်းသာ ဖြစ်၏။ နှစ်ခု မဟုတ်။ နွားကို ယာယီ ပြယုဂ်အဖြစ် ငါတို့ ထားရှိသည်။ ယုန်နှင့် ထောင်ချောက်၊ ငါးနှင့် ပိုက်ကွန်ပမာ ဆက်သွယ်မှုသာ ဖြစ်၏။ ရွှေနှင့် အကြေးအညှိ သို့မဟုတ် တိမ်တိုက်ကြားမှ ပေါ်ထွန်းလာသော လမင်းသာ ဖြစ်၏။ မဆုံးနိုင်သော အချိန်ကာလတစ်လျှောက် ကြည်လင်သော အလင်းရောင် တစ်ခု၏ လမ်းကြောင်းသည် ဆက်လက်သွားနေသည်။



# 8. Both Bull and Self Transcended

*Whip, rope, person, and bull -*
*all merge in No-thing.*
*This heaven is so vast no message*
*can stain it.*
*How may a snowflake exist in a raging fire?*
*Here are the footprints of the patriarchs.*

# ၈။ နွားရောဂါလူပါ လွှမ်းမြောက်ခဲ့ပြီ

နှင်တံ၊ နဖားကြိုး လူနှင့် နွား၊ အားလုံးတို့သည်
(မဟုတ်သော အရာတစ်ခု ဖြစ်ပေါ်ခဲ့ပြီ) ပျောက်ကွယ်ခဲ့ပြီ။
ကောင်းကင်ဘုံသည် ကျယ်ပြောလွန်းလှ၍ မည်သည့်စာမှ
စွန်းထင်းနိုင်မည် မဟုတ်။
အလျှံပြောင်ပြောင် တောက်လောင်သော မီးထဲမှာ နှင်းပွင့် နှင်းခဲ
မရှိနိုင်။ (ရှိနိုင်ပါ့မလား)
ဤမှာ ဆရာသခင်တို့၏ ခြေရာများ။

*Comment*: Mediocrity is gone. Mind is clear of limitation. I seek no state of enlightenment. Neither do I remain where no enlightenment exists. Since I linger in neither condition, eyes cannot see me. If hundreds of birds strew my path with flowers, such praise would be meaningless.

*ဝေဖန်ချက်*။ သာမန်အခြေအနေတို့ ပျောက်ကွယ်သွားပြီ။ စိတ်သည် ကန့်သတ် တုပ်နှောင် သူတို့မှ ရှင်းသန့်နေ၏။ ငါသည် ဉာဏ်အလင်းပွင့်၍ တရားပေါက်ခြင်းကို မရှာဖွေ။ ဉာဏ်အလင်း ပွင့်မှု ကင်းမဲ့သော အရပ်မှာလည်း ငါ မနေ။ ဘယ်အခြေအနေမှာမှ ငါ ရစ်ဝဲ တည်ရှိ မနေသည့် အတွက် ငါ့ကို မမြင်တွေ့နိုင်ကြ။ ငါ လျှောက်သော လမ်းကို ကျေးငှက် သာရကာ တစ်ရာ လောက်က ပန်းတွေ ကြဲချ ဖြန့်ခင်းသည်ဟု ဆိုပါလျှင်လည်း ထိုသို့ ချီးကျူး ဂုဏ်တင်ခြင်းသည် အဓိပ္ပာယ် မရှိ။



# 9. Reaching the Source

*Too many steps have been taken returning to the root and the source.*
*Better to have been blind and deaf from the beginning!*
*Dwelling in one's true abode,*
*unconcerned with that without-*
*The river flows tranquilly on and*
*the flowers are red.*

# ၉။ ရင်းမြစ်မူလသို့ ရောက်ခြင်း

အမြစ်နှင့် အရင်းဘာဝသို့ ပြန်ရောက်ဖို့အတွက်

ခြေလှမ်းများစွာ လှမ်းခဲ့ရသည်။

အစကတည်းက မျက်ကန်း နားပင်းနေခဲ့လျှင်

ပိုကောင်းမည်။

မိမိ၏ နေရာ အမှန်မှာ နေ၍

ထိုနေရာ၏ (အတွင်း) အပြင်ကိစ္စတို့နှင့် ဘာမှ မပတ်သက်

အမှုမထား။

မြစ်သည် ငြိမ်ငြိမ် စီး၍ ပန်းများ ရဲရဲနီနီ ပွင့်ပေပြီ။

*Comment:* From the beginning, truth is clear. Poised in silence, I observe the forms of integration and disintegration. One who is not attached to 'form' need not be 'reformed'. The water is emerald, the mountain is indigo, and I see that which is creating and that which is destroying.

*ဝေဖန်ချက်* ။ အစကတည်းက အမှန်တရားသည် ကြည်လင်နေ၏။ တိတ်ဆိတ်ခြင်းထဲမှ တည်ငြိမ် သက်သာစွာ နေ၍ ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ကို ငါ ရှုခဲ့ပြီ။ ဖြစ်တည်မှု ပုံသဏ္ဍာန်ကို မစွဲလမ်းသူသည် ပုံသဏ္ဍာန် အသစ်ဖြင့် ရန်မလိုတော့ပေ။ ရေသည် မြနှယ် စိမ်း၍ တောင်တန်းသည် ပြာမှိုင်းလျက် ငါသည် ဖန်တီးသော အရာကို မြင်ခဲ့ပြီ။ ပျက်စီးသော အရာကိုလည်း မြင်ခဲ့ပေပြီ။



# 10. In the World

*Barefooted and naked of breast,*
*I mingle with the people of the world.*
*My clothes are ragged and dust-laden and*
*I am ever blissful.*
*I use no magic to extend my life;*
*Now, before me, the trees become alive.*

# ၁၀။ လောကထဲမှာ

ဖိနပ်မပါ၊ ရင်ဗလာနှင့် လောကလူ့ရွာက လူများနှင့် ငါ
ရောနှောလျက်ရှိ၏။
ငါ အဝတ်များ စုတ်ပြတ် ဖွာလန်ကြဲ၍ ဖုန်အထပ်ထပ် ကပ်လျက်
ငါ အပြုံ ချမ်းသာ ပျော်ရွှင်နေ၏။
ငါ့ဘဝ သက်တမ်းကို ဆွဲဆန့်ဖို့ မှော်ပစ္စလက်ကို ငါ မသုံးစွဲ။
အခု၊ ငါ့ရှေ့မှာ သစ်ပင်တွေ ရှင်သန်လာသည်။

*Comment*: Inside my gate, a thousand sages do not know me. The beauty of my garden is invisible. Why should one search for the footprints of the patriarchs? I go to the market place with my wine bottle and return home with my staff. I visit the wineshop and the market, and everyone I look upon becomes enlightened.

*ဝေဖန်ချက်* ။ ငါ့ဝင်းတံခါး အတွင်းမှာ၊ ပညာရှိ တစ်ယောက်လောက်မျှပင် ငါ့ကို မသိကြ။ ငါ့ ဥယျာဉ်၏ အလှသည် မမြင်ရ။ ရှေးဆရာသခင်တို့၏ ခြေရာကို ဘာ့ကြောင့် လိုက်ရှာနေမည်လဲ။ ငါ သေရည်ပုလင်းနှင့် ဈေးဘက်သို့ သွားခဲ့သည်။ ငါ့တောင်ဝှေးဖြင့် အိမ်ပြန်ခဲ့သည်။ ငါ သေရည် ဆိုင်နှင့် ဈေးသို့ သွားခဲ့၏။ ငါ ကြည့်လိုက်သူတိုင်း ဉာဏ်အလင်းပွင့်၍ တရားပေါက်မြောက်ကြတော့သည်။

ဇော်ဇော်အောင်

၁၁-၀၄-၀၃
နေ့လယ် ၁း၂၀ နာရီ

ဇော်ဇော်အောင်



# နွားကျောင်းသား

ကာတွန်း ၁၀ ပုဒ်